ARAKAN ARMY

ရက္ခိုင့်တပ်မတော်

**စစ်ရုံးချုပ်**

လက်ရှိ စစ်ရေး၊ နိုင်ငံရေးအခြေအနေအပေါ် သဘောထားထုတ်ပြန်ချက်

အမှတ်၊ ၃/၂၀၁၅

၁၃၇၆ - ခုနှစ်၊ တန်ခူးလဆန်း(၃) ရက်

(၂၀၁၅ - ခုနှစ်၊ မတ်လ (၂၂) ရက်)

ရက္ခိုင့်တပ်မတော်သည် မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးများ၏ အမျိုးသားတန်းတူရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ရခိုင့်အမျိုးသားကံကြမ္မာကို ရခိုင်လူမျိုးများလက်ဖြင့်ဖန်တီးနိုင်ရန်အတွက် တိုင်းရင်းသားလက်နက်ကိုင် မဟာမိတ်တပ်ဖွဲ့များနှင့်အတူ မဟာမိတ်နယ်မြေများတွင် ရဲဘော်ရဲဘက်စိတ်ဓာတ်အပြည့်ဖြင့် လက်တွဲတိုက်ပွဲဝင်လျက်ရှိသည်။

ယခုလည်း မြန်မာနိုင်ငံမြောက်ပိုင်း၊ ကိုးကန့်ဒေသ၌ ကိုးကန့်လူမျိုးတို့ ပိုင်ဆိုင်ခဲ့သောဒေသအား ပြန်လည်ရရှိရေးတွင် ဘဝတူတိုင်းရင်းသားစုပေါင်းတပ်ဖွဲ့များဖြစ်ကြသော ကိုးကန့်တပ်မတော် (MNDAA)၊ တအာင်းတပ်မတော် (TNLA) တို့နှင့်အတူ တိုက်ပွဲဝင်လျက်ရှိသည်မှာ တစ်လခွဲနီးပါးကြာမြင့်ခဲ့ပြီဖြစ်သည့်အပြင် တိုက်ပွဲအရှိန်သည်လည်း တစ်ရက်ပြီးတစ်ရက် မြင့်တက်လျက်ရှိနေသည်။

အခြားတစ်ဖက်တွင် မြန်မာအစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြားချုပ်ဆိုမည့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်နိုင်ရန်ကြိုးစားလာခဲ့သည်မှာ အစိုးရသက်တမ်းတစ်ခုကုန်ခါနီးသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ ဤကဲ့သို့သော ငြိမ်းချမ်းရေးကိစ္စရပ်များကို ဆောင်ရွက်နေခြင်းနှင့်တစ်ပြိုင်နက်တွင် မြန်မာ့တပ်မတော်သည် ကိုးကန့်နှင့်တအာင်းဒေသများ၌ လေကြောင်း၊ မြေပြင်ထိုးစစ်များကို ရပ်တန့်ခြင်းလုံးဝမရှိဘဲ အကြီးအကျယ်ဆင်နွှဲလာခြင်းသည် "ပြည်တွင်းစစ်" အား ဆက်လက်ဖန်တီးလိုကြောင်း သက်သေများဖြစ်ပြီး ဒုံရင်းဒုံရင်းအတိုင်း ရှိနေဆဲပင်ဖြစ်သည်။

ထို့အပြင် နိုင်ငံတော်သမ္မတနှင့်တကွ တပ်ဖက်ဆိုင်ရာခေါင်းဆောင်ကြီးများကိုယ်တိုင် အပြောနှင့်အလုပ်မညီဘဲ ဖြောင်ကျကျ မျက်နှာပြောင်တိုက်ပြောဆိုနေခြင်း၊ အနှစ်မပါသော ငြိမ်းချမ်းရေး ဟန်ဆောင်ပြကွက်များကို ပြုလုပ်နေခြင်း၊ တိုင်းရင်းသားဒေသများအား အကြီးအကျယ်ထိုးစစ်ဆင်နေခြင်း စသည့်လုပ်ရပ်များသည် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးသဘောတူစာချုပ် (NCA) ကိုပါ ထိခိုက်စေနိုင်ပြီး ငြိမ်းချမ်းရေးနှင့် ပို၍ဝေးကွာသွားနိုင်သည့်အပြင် ပြည်တွင်းငြိမ်းချမ်းရေးကိုရရှိရန် မမြင်သေးပါဟု သုံးသပ်မိသည်။

ထို့ကြောင့် မြန်မာအစိုးရအနေဖြင့် လက်ရှိနိုင်ငံရေးအကျပ်အတည်းများဖြေလျှော့ရေးနှင့် ၎င်းတို့၏အာဏာဆက်လက်တည်မြဲရေးတို့အတွက် စားပွဲဝိုင်းပေါ်မှ တော်ရိလျော်ရိဝေါဟာရအတိုးအလျှော့ အပေးအယူများ၊ ရှောင်တခင်ကစားကွက်များကို ပြုလုပ်နေခြင်းထက် ရိုးသားမှုအပြည့်ဖြင့် လုပ်သင့်လုပ်ထိုက်သည်များကိုလည်း မြေပြင်တွင် လက်တွေ့ကျကျ အပေါင်းလက္ခဏာဆောင်သော ဖြေရှင်းမှုမျိုးဖြင့် သက်သေပြသင့်ပေသည်။ ဤသို့မဟုတ်ဘဲ ယခုအနေအထားအတိုင်း ဆက်လက်ရှိနေမည်ဆိုပါက မိမိတို့ ရက္ခိုင့်တပ်မတော်အနေဖြင့်လည်း ဘဝတူညီနောင်တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့်အတူ ဆက်လက်တိုက်ပွဲဝင်နေအုံးမည်ဖြစ်သည်။

စစ်ရုံးချုပ်

ရက္ခိုင့်တပ်မတော်